# ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | နိဒါန်း | .... | ၁၁၇ |
| ၂ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | .... | ၁၁၉ |
| ၃ | အခန်း (၂)<br>ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်များ | .... | ၁၂၀ |
| ၄ | အခန်း (၃)<br>တာဝန်များ | .... | ၁၂၅ |
| ၅ | အခန်း (၄)<br>ပြစ်ဒဏ်များ | .... | ၁၂၇ |
| ၆ | အခန်း (၅)<br>အထွေထွေ | .... | ၁၃၀ |
| ၇ | နောက်ဆက်တွဲဇယားများ | | |
| | ဇယား (က) ပုဂ္ဂလိကလုပ်ကိုင်ခွင့်မရှိသော လုပ်ငန်းများ | .... | ၁၃၃ |
| | ဇယား (ခ) ပုဂ္ဂလိက လုပ်ငန်းရှင်များက မှတ်ပုံတင်ပြီးမှ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းများ | .... | ၁၃၉ |

# ပုဂ္ဂလိကထုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၂။]

## နိဒါန်း

အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အနှစ်သာရများနှင့်အညီ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဆိုရှယ်လစ်စီးပွားရေးစနစ် ဘောင်အတွင်း ပြည်သူပိုင် စီးပွားရေးအဖွဲ့အစည်းနှင့် သမဝါယမ အဖွဲ့အစည်းများက လုပ်ကိုင်နိုင်ခြင်းမရှိသေးသော စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များက လုပ်ကိုင်ခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုပိုမိုတိုးတက်စေရန်လည်းကောင်း၊ ပုဂ္ဂလိကပိုင် ကုန်ထုတ်အရင်းအနှီးများကို စနစ်တကျ အသုံးပြုခြင်းအားဖြင့် လုပ်ငန်းသစ်များပေါ်ထွက်စေပြီး ပြည်သူများ အလုပ်အကိုင် ပိုမိုရရှိစေရန် လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ပြည်သူပိုင်စီးပွားရေးအဖွဲ့အစည်း ဆိုသည်မှာ ဝန်ကြီးဌာန အသီးသီးအောက်ရှိ ကော်ပိုရေးရှင်း၊ စက်ရုံ၊ အလုပ်ရုံ၊ သို့မဟုတ် အလုပ်ဌာနကို ဆိုသည်၊

(ခ) သမဝါယမအဖွဲ့အစည်း ဆိုသည်မှာ သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ပြီးသော သမဝါယမအသင်းကို ဆိုသည်၊

(ဂ) ပုဂ္ဂလိကလုပ်ငန်းရှင် ဆိုသည်မှာ တဦးချင်း ဖြစ်စေ၊ အစုစပ်ဖြစ်စေ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

## အခန်း (၂)

## ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်များ

၃။ ပြည်သူပိုင်စီးပွားရေးအဖွဲ့အစည်း၊ သမဝါယမ အဖွဲ့အစည်းများက သာ နောက်ဆက်တွဲ ဇယား (က) ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိ သည်။

၄။ နိုင်ငံသားတဦးသည် အောက်ပါတို့ကိုဥပဒေနှင့်အညီ လုပ်ကိုင်ခွင့် ရှိသည်—

(က) လယ်ယာကဏ္ဍတွင်—

(၁) လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်၊ ခြံမြေ စိုက် ပျိုးခြင်း၊

(၂) ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများကို အရင်း အနှီးစိုက်၍ တိုးချဲ့ဖော်ထုတ်ခြင်း၊ စိုက်ပျိုးခြင်း၊

(ခ) သားငါးကဏ္ဍတွင်—

(၁) ပင်လယ်ငါးဖမ်းလုပ်ငန်း၊

(၂) ပြည်သူပိုင် စီးပွားရေးအဖွဲ့အစည်းနှင့် သမဝါယမ အဖွဲ့အစည်းတို့က လုပ်ကိုင်ခြင်းမရှိသော ကုန်းတွင်း အင်းလုပ်ငန်း၊

(၃) ပုလဲထုတ်လုပ်ရေးနှင့် စပ်လျဉ်းသည့် မုတ်ကောင် မွေးမြူရေးမှအပ ငါးမွေးမြူရေးလုပ်ငန်း၊

(ဂ) သစ်တောကဏ္ဍတွင်—

(၁) သစ်ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ခွဲစိတ်ခြင်း ရောင်းချခြင်း၊

(၂) အခြားသစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်း၊ သယ် ယူခြင်း၊ ရောင်းချခြင်း၊

(ဃ) သတ္တုနှင့် စက်မှုလက်မှုကဏ္ဍတို့တွင်—

(၁) နောက်ဆက်တွဲဇယား (ခ) အပိုင်း ၁ ပါ မြေနှင့် မြေထွက်ပစ္စည်းလုပ်ငန်းကို မှတ်ပုံတင်၍ လုပ်ကိုင် ခြင်း၊

(၂) နောက်ဆက်တွဲဇယား(ခ) အပိုင်း ၂ ပါ စက်မှု လက်မှုလုပ်ငန်းကို မှတ်ပုံတင်၍ လုပ်ကိုင်ခြင်း၊

(င) သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်—

(၁) စက်တပ်ယာဉ်ကိုအသုံးပြုသော ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်း၊

(၂) စက်တပ်ယာဉ်ကိုအသုံးပြုသော ကမ်းရိုး တန်းနှင့် ပြည်တွင်းရေကြောင်း သယ် ယူ ပို့ ဆောင် ရေး လုပ်ငန်း။

၃။ တိုင်းရင်းသား တဦးသည် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍတွင် ပြည်သူပိုင်စီးပွားရေးအဖွဲ့အစည်း၊ သမဝါယမ အဖွဲ့အစည်း တို့ ကသာ

ရောင်းဝယ်ရန် အခါအားလျော်စွာ သတ်မှတ်သော ကုန်ပစ္စည်းများမှ အပ ကျန်ကုန်ပစ္စည်းများကို လက်ကားမှတ်ပုံတင်၍ ဥပဒေနှင့်အညီ ရောင်းဝယ်ခွင့်ရှိသည်။ သို့ရာတွင် ပွဲရုံနှင့် ကုန်စည်ဒိုင် မဟုတ်သော အောက်ပါလက်ကား ရောင်းချခြင်းများအတွက် လက်ကားမှတ်ပုံတင်ရန် တာဝန်မရှိစေရ—

(က) တောင်သူလယ်သမား၊ ရေလုပ်သား၊ သို့မဟုတ် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းရှင်တဦး က မိမိကိုယ်တိုင် ထုတ်လုပ်သည့် သီးနှံ၊ သားငါး၊ သို့မဟုတ် ပစ္စည်းကို ဥပဒေနှင့်အညီ ရောင်းချခြင်း၊

(ခ) စည်းမျဉ်းများဖြင့် အခါအားလျော်စွာ သတ်မှတ်သည့် ရောင်းရငွေပမာဏထက်လျော့နည်းခြင်း။

**ရှင်းလင်းချက်။** ။လက်ကား ရောင်းဝယ်ခြင်း ဆိုသည်မှာ အောက်ပါ ရောင်းဝယ်ခြင်းကို ဆိုသည်—

(၁) မိမိကိုယ်တိုင် ထုတ်လုပ်ခြင်း မဟုတ်ပဲ အခြားသူတဦးထံမှ ဝယ်ယူ၍ တဆင့် ပြန် လည် ရောင်းချမည့်သူအား ရောင်းချခြင်း၊ သို့မဟုတ်

(၂) စည်း မျဉ်း များ ဖြင့် အခါ အားလျော်စွာ သတ်မှတ်သည့် ရောင်းရငွေ ပမာဏရှိခြင်း။

ယင်းစကားရပ်တွင် ကုန်ပစ္စည်း ရောင်းသူနှင့် ဝယ်သူအကြား ကော်မီရှင် ဖြစ်စေ၊ ပွဲခ ဖြစ်စေ၊ အခကြေးငွေ ဖြစ်စေယူ၍ ဆောင်ရွက်ပေးသည့် ပွဲရုံ၊သို့မဟုတ် ကုန်စည်ဒိုင်လုပ်ငန်းလည်း အကျုံးဝင်သည်။

၆။ မည်သူမဆို ပုဒ်မ ၄၊ ပုဒ်မ ၅၊ နောက်ဆက်တွဲ ဇယား (က) နှင့် (ခ) တို့ပါ လုပ်ငန်းများမှအပ ကျန်လုပ်ငန်းများကို ဥပဒေနှင့် မဆန့်ကျင်သမျှ လုပ်ကိုင်ခွင့်ရှိသည်။

၇။ မှတ်ပုံတင်ထားသည့်စက်မှုလက်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသည်အထိ ပြည်သူပိုင်ပြုလုပ်ခြင်း မရှိစေရ။

၈။ ဤဥပဒေအရ ခွင့်ပြုထားသည့် ပုဂ္ဂလိကလုပ်ငန်းတခုကို ပြည်သူပိုင်ပြုလုပ်ရလျှင် ယင်းသို့ ပြည်သူပိုင်ပြုလုပ်ခြင်းအတွက် သင့်တင့်လျောက်ပတ်သော လျော်ကြေးငွေကို ပြည်သူပိုင် ပြုလုပ်ခံရသည့် လုပ်ငန်းရှင်က နိုင်ငံတော်မှ ရယူခွင့်ရှိစေရမည်။

၉။ မှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်တဦး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) မိမိနှင့် သက်ဆိုင်ရာ လုပ်ငန်းအတွက် ကုန်ကြမ်း၊ ကုန်ချော၊အားဖြည့်လောင်စာ၊ သို့မဟုတ် အခြားပစ္စည်းများကို စည်းမျဉ်းများ၊ စည်းကမ်းများ၊ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊

(ခ) လုပ်ငန်းဆိုင်ရာလိုအပ်ချက်အရ စက်နှင့် စက်အရန်ပစ္စည်းများ၊ ယာဉ်များကို ဝယ်ယူခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် လုပ်ငန်းတိုးချဲ့ခြင်း၊

(ဂ) လုပ်ငန်း၊ စက်နှင့် စက်ကိရိယာများကို မြို့နယ်အတွင်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့ခြင်း။ မြို့နယ်တခုမှ အခြားမြို့နယ်တခုသို့ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့ခြင်း။ ပြည်နယ်၊ သို့မဟုတ် တိုင်းတခုမှ အခြားပြည်နယ်၊ သို့မဟုတ် တိုင်းတခုသို့ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့ခြင်း၊

(ဃ) ခရီးသည်တင်၊ ကုန်တင်စက်တပ်ယာဉ်ကို မူလ မှတ်ပုံတင်ထားသည့် ခရီးစဉ်အတိုင်းပြေးဆွဲခြင်းမှ ခရီးစဉ်ပြောင်း၍ ပြေးဆွဲလိုလျှင် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြေးဆွဲခြင်း၊

(င) ခရီးသည်တင်၊ ကုန်တင်စက်တပ်ယာဉ်ကို မူလမှတ်ပုံတင်ထားသည့် လုပ်ငန်းမှ အခြားလုပ်ငန်းအဖြစ် ကူးပြောင်းလုပ်ကိုင်လိုလျှင် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခြင်း၊

(စ) လုပ်ငန်းများကို ပေါင်းစပ်ခြင်း၊ ခွဲခြမ်း စိပ်ဖြာခြင်း၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း၊ လုပ်ငန်းခေတ္တ ရပ်ဆိုင်းခြင်း၊ သို့မဟုတ် အမြဲတမ်းပိတ်ခြင်းကို မှတ်ပုံတင်ခွင့် ပြုသည့် အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခြင်း။

# အခန်း (၃)

## တာဝန်များ

၁၀။ ပုဂ္ဂလိက လုပ်ငန်းရှင် တဦးသည် ဤဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သည့် လုပ်ငန်း အတွက် စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ သက်ဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်ထံတွင် မှတ်ပုံတင်ရမည်။ သို့ရာတွင် ရှိရင်းစွဲဥပဒေတရပ်ရပ်အရ မှတ်ပုံတင်ပြီးဖြစ်လျှင် ဤဥပဒေအရ မှတ်ပုံတင်ရန်မလို။

၁၁။ တောင်သူလယ်သမားများသည် စီမံကိန်းဝင်သီးနှံများကို စီမံကိန်း ပါ လျာထားချက်အတိုင်း စိုက်ပျိုးထုတ်လုပ်ရမည်။ သတ်မှတ်ထားသော သီးနှံ အမျိုးအစားနှင့် ပမာဏကို သတ်မှတ်ထားသော ဈေးနှုန်းဖြင့် သတ်မှတ်ထားသောအဖွဲ့အစည်းသို့ ရောင်းချရမည်။

၁၂။ သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်တဦးသည် နိုင်ငံတော် အာဏာ ပိုင် အဖွဲ့အစည်းများက အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း ခရီးသည်နှင့် ကုန်စည်ကိုသယ်ယူပို့ဆောင်ပေးရမည်။

၁၃။ ရေလုပ်သားများသည် စီမံကိန်းဝင် ရေထွက်ပစ္စည်းအမျိုးအစား နှင့် ပမာဏကို သတ်မှတ်ထားသော ဈေးနှုန်းဖြင့် သတ်မှတ်ထားသော အဖွဲ့အစည်းသို့ ရောင်းချရမည်။

၁၄။ စက်မှုလက်မှု လုပ်ငန်းရှင်တဦးသည် ပြည်သူ့ပိုင် စီးပွားရေး အဖွဲ့အစည်းမှ ကုန်ကြမ်းရယူလျှင် ယင်းကုန်ကြမ်းများကို သတ်မှတ်သည့် ကုန်ချောထုတ်လုပ်ရာတွင် အပြည့်အဝအသုံးပြုရမည်။ ပြည်သူ့ပိုင် စီးပွားရေး အဖွဲ့အစည်းမှ ကုန်ကြမ်းရယူ၍ ကုန်ချောထုတ်လုပ်ပြီး ပြန်လည်ပေးသွင်းရမည့် လုပ်ငန်းရှင်ဖြစ်လျှင် သတ်မှတ်ထားသည့်ကုန်ချောပစ္စည်းများကို သတ်မှတ်ထားသည့်အရည်အသွေးနှင့် ပမာဏအတိုင်းထုတ်လုပ်၍ သတ်မှတ်ထားသည့် အဖွဲ့အစည်းသို့ သတ်မှတ်ထားသည့် ဈေးနှုန်း၊ သို့မဟုတ် လုပ်ခဖြင့်ပေးသွင်းရမည်။

၁၅။ မှတ်ပုံတင်ထားသည့် လက်ကား ရောင်းဝယ်သူများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များသည် စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ သက်ဆိုင်ရာဘဏ်တွင် စာရင်းဖွင့်ရမည်။ ဘဏ်ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော ဒေသများအတွက် ဘဏ်စာရင်းဖွင့်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့က စီစဉ်ရမည်။

၁၆။ ပြည်သူ့ပိုင်စီးပွားရေး အဖွဲ့အစည်း၊ သမဝါယမ အဖွဲ့အစည်းတို့က သာလုပ်ကိုင်ခွင့်ရှိသော နောက်ဆက်တွဲဇယား (က) ပါ လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ကိုင်ခြင်းမပြုရ။

၁၇။ ဤဥပဒေအရ လုပ်ကိုင်ခွင့်မရှိသူ တဦးအတွက် လုပ်ကိုင်ခွင့်ရှိသူက မိမိ၏အမည်ခံပြီး လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၁၈။ ဤဥပဒေအရ မှတ်ပုံတင်ဖြင့် လုပ်ကိုင်ရမည်ဟု သတ်မှတ်ထားသော လုပ်ငန်းကို မှတ်ပုံတင်မရှိပဲ မည်သူမျှလုပ်ကိုင်ခြင်း မပြုရ။

# အခန်း (၄)

## ပြစ်ဒဏ်များ

၁၉။ မည်သူမဆို လက်ကားမှတ်ပုံတင်စည်းကမ်း တရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်းလုပ်ငန်းရှင်အား လုပ်ငန်းပမာဏကိုလိုက်၍ အနည်းဆုံး ကျပ်တစ်ရာမှ အများဆုံး ကျပ်ငါးထောင်အထိ ငွေဒဏ် ချမှတ်နိုင်သည်။

၂၀။ မည်သူမဆို ပြည်သူပိုင်စီးပွားရေး အဖွဲ့အစည်းထံမှ ရရှိသည့် ကုန်ကြမ်းပစ္စည်း၊ စက်နှင့် စက်အရန် ပစ္စည်း၊ အားဖြည့် လောင်စာ၊ သို့မဟုတ် အခြားပစ္စည်းကို အလွဲသုံးစားပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၅ နှစ်အထိ ထောင်ဒဏ်ကျခံ စေရမည့်အပြင် ငွေဒဏ်လည်း ကျခံစေနိုင်သည်။

၂၁။ မှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်တဦးသည်လုပ်ငန်း၊ စက်နှင့် စက်ကိရိယာများကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရရှိပဲ ပြောင်းရွှေ့လုပ်ကိုင်ခြင်း၊ ပေါင်းစပ်ခြင်း၊ ခွဲခြမ်းစိပ်ဖြာခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်း၊ သို့မဟုတ် အမြဲတမ်းပိတ်ခြင်း ပြုလုပ်လျှင် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့က ယင်းလုပ်

ငန်းရှင်အား လုပ်ငန်းပမာဏကိုလိုက်၍ အနည်းဆုံးကျပ်ငါးရာမှ အများဆုံး ကျပ်တစ်သောင်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၂။ မှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်တဦးသည် ခရီးသည်တင်၊ ကုန်တင် စက်တပ်ယာဉ်များကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရရှိပဲ ခရီးစဉ်ပြောင်း၍ ပြေးဆွဲလျှင်ဖြစ်စေ၊ မူလမှတ်ပုံတင်ထားသည့် လုပ်ငန်းမှ အခြား လုပ်ငန်း ကူးပြောင်းလုပ်ကိုင်လျှင်ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်းလုပ်ငန်းရှင်အား ယာဉ်အရွယ်အစား၊ ပမာဏကိုလိုက်၍ အနည်းဆုံး ကျပ်တစ်ရာမှ အများဆုံး ကျပ်ငါးထောင်အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၄ အရ သတ်မှတ်ထားသည့် ကုန်ချောပစ္စည်းများကို သတ်မှတ်ထားသည့် အရည်အသွေးနှင့် ပမာဏအတိုင်းထုတ်လုပ်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသည့်အဖွဲ့အစည်းသို့ ပေးသွင်းရန် ပျက်ကွက်လျှင်ဖြစ်စေ သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်းလုပ်ငန်းရှင်အား လုပ်ငန်းပမာဏကို လိုက်၍ အနည်းဆုံး ကျပ်ငါးရာမှ အများဆုံး ကျပ်တစ်သောင်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၄။ ပုဂ္ဂလိကလုပ်ငန်းရှင် တဦးသည် ပုဒ်မ ၁၆ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၅ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၆။ ပုဂ္ဂလိက လုပ်ငန်းရှင်တဦးသည် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်

အမှုဆောင်အဖွဲ့က ယင်းလုပ်ငန်းရှင်အား လုပ်ငန်းပမာဏကို လိုက်၍ အနည်းဆုံး ကျပ်တစ်ရာမှ အများဆုံး ကျပ်ငါးထောင်အထိငွေဒဏ်ချမှတ်ရမည်။

၂၇။ မည်သူမဆိုပုဒ်မ ၁၉၊ ၂၁၊ ၂၂၊ ၂၃၊ သို့မဟုတ် ၂၆ ပါပြဋ္ဌာန်းချက်တရပ်ရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့က ပြစ်ဒဏ်ချမှတ်ပြီးနောက် ဆက်လက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၁ နှစ်အထိ ထောင်ဒဏ် ကျခံစေရမည့်အပြင် ယင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်သည်။

၂၈။ မည်သူမဆို ကုန်ပစ္စည်းများကို လက်ဝါးကြီးအုပ်၍ ကုန်ဈေးနှုန်းများကမောက်ကမ ဖြစ်စေရန် ရောင်းဝယ် လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် အနည်းဆုံး ၃ နှစ်မှအများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ကျခံစေရမည့်အပြင် ယင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် ပစ္စည်းနှင့် ငွေများကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

၂၉။ ပုဒ်မ ၁၉၊ ၂၁၊ ၂၂၊ ၂၃၊ သို့မဟုတ် ၂၆ အရတပ်ရိုက်ထားသောငွေဒဏ်ကိုသက်ဆိုင်ရာ လုပ်ငန်းရှင်က ပေးဆောင်ရန် ပျက်ကွက်လျှင် ယင်းငွေကိုမြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရကောက်ခံနိုင်သည်။

## အခန်း (၅)

## အထွေထွေ

၃၀။ ဝန်ကြီးအဖွဲ့သည် အောက်ပါတို့ကို စည်းမျဉ်းများဖြင့် သတ်မှတ်ပေးရမည် –

(က) ပုဒ်မ ၄ ပုဒ်မခွဲ(က)အပိုဒ်(၂)အရ လုပ်ကိုင်နိုင်ရန်စီးပွားရေးအရ တွက်ခြေကိုက်သည့် လုပ်ကွက် အကျယ်အဝန်းနှင့် လုပ်ကိုင်ခွင့်ကာလ၊

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)အရ မှတ်ပုံတင်ရန် သတ်မှတ်ထားခြင်းမရှိသော မြေနှင့်မြေထွက်ပစ္စည်းကဏ္ဍနှင့်စက်မှုလက်မှုကဏ္ဍပါလုပ်ငန်းများအနက် နှစ်ရှည်စီးပွားရေး မူဝါဒနှင့် အညီလိုအပ်သော လုပ်ငန်းများကို မှတ်ပုံတင်ရေး၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်ခွင့် ပြုနိုင်သည့် အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်၊

(ဃ) မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့် ငြင်းဆိုခြင်း တို့နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များ။

၃၁။ ဝန်ကြီးအဖွဲ့သည် ကုန်ပိုမိုထုတ်လုပ်ရေး၊ သို့မဟုတ် နည်းပညာတိုးတက်ရေးကို အထောက်အကူပြုသော တီထွင်ထုတ်လုပ်မှုအတွက် ဖြစ်စေ၊ နိုင်ငံတော်ကိုအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းတခု၏ ပျိုးထောင်စကာလအတွက်ဖြစ်စေ ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်၊ သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

၃၂။ သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်—

(က) ပလပ်မြေများ၊ မြေလွတ် မြေရိုင်းများကို အရင်းအနှီးစိုက်ထုတ်၍ ဖော်ထုတ်လုပ်ကိုင်သူအား လုပ်ငန်းပျိုးထောင်စတွင် ကာလသတ်မှတ်ချက် အတွင်း စီမံကိန်းသီးနှံကော လျော့ပေါ့စိုက်ပျိုးခွင့်၊ အခြားသီးနှံစိုက်ပျိုးခွင့်ပြုနိုင်သည်၊

(ခ) ကုန်းတွင်းအင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုတည်ငြိမ်စေရန်လည်းကောင်း၊ ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်လည်းကောင်း၊ အင်းအိုင်အခြေအနေ ကောင်းမွန်စေရန်လည်းကောင်း၊ ထုတ်လုပ်သူလည်း အကျိုးရှိ၍ စားသုံးသူလည်း သက်သာချောင်ချိစေရန် လည်းကောင်း အင်းအိုင်ကြေးတိုင်စိုက်ခြင်းကို ၄ နှစ်ကာလအထိ သတ်မှတ်ခွင့်ပြုနိုင်သည်။

၃၃။ ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ချမှတ်ပေးထားသော စီးပွားရေးစီမံကိန်းဘောင်အတွင်းမှ ဆောင်ရွက်ခြင်းရှိမရှိ၊ စီမံကိန်း အောင်မြင်ရေးအတွက် ထိရောက်စွာ အထောက်အကူပြုနိုင်ခြင်း ရှိမရှိတို့ကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ညှိနှိုင်းခြင်းပြုလုပ်ရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သည့် စည်းမျဉ်းများ၊စည်းကမ်းများကို ဝန်ကြီးအဖွဲ့ကလည်းကောင်း၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်းကောင်း ထုတ်ပြန်နိုင်သည်။

၃၅။ အောက်ပါ ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်–

(က) ၁၉၅၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ငွေရင်းနှီးရေး အက် ဥပဒေ၊

(ခ) The Weavers' Loans Act၊

(ဂ) The State Aid to Industries Act၊

## နောက်ဆက်တွဲဇယား (က)

### ပုဂ္ဂလိကလုပ်ကိုင်ခွင့်မရှိသော လုပ်ငန်းများ

| အမှတ်စဉ် | လုပ်ငန်းအမည် | | | သမဝါယမအသင်းများကလုပ်ကိုင်ခွင့် ရှိ/မရှိ |
|---|---|---|---|---|
| | **သတ္တုကဏ္ဍ** | | | |
| ၁ | ခဲမဖြူ* | .... | .... | မရှိ |
| ၂ | အဖြိုက်နက်* | .... | .... | မရှိ |
| ၃ | ခဲမဖြူ/အဖြိုက်နက်ရောရာ* | .... | .... | မရှိ |
| ၄ | ခဲမဖြူ/အဖြိုက်နက်/ရှီးလိုက်ရောရာ* | | .... | မရှိ |
| ၅ | ကျောက်မီးသွေး | .... | .... | မရှိ |
| ၆ | ကျောက်စိမ်း | .... | .... | မရှိ |
| ၇ | ကျောက်မျက်ရတနာ | .... | .... | မရှိ |
| ၈ | ဘရိုက်တီကျောက် | .... | .... | မရှိ |
| ၉ | မင်းဂနီး (စ်) ဒိုင်အောက်ဆိုက် | .... | .... | မရှိ |
| ၁၀ | ရွှေ ** | .... | .... | မရှိ |
| ၁၁ | ငွေ | .... | .... | မရှိ |
| ၁၂ | ခဲ | .... | .... | မရှိ |
| ၁၃ | သွပ် | .... | .... | မရှိ |
| ၁၄ | နီကယ်စပိုက် | .... | .... | မရှိ |
| ၁၅ | ကြေးနီမတ် | .... | .... | မရှိ |
| ၁၆ | ခနောက်စိမ်းခဲ | .... | .... | မရှိ |
| ၁၇ | ခနောက်စိမ်းသတ္တု* | .... | .... | မရှိ |
| ၁၈ | ခဲ၊ သွပ်၊ ငွေ၊ သတ္တုရိုင်း | .... | .... | မရှိ |

* ပိသာစားထုတ်လုပ်မှုကို သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ချက်ဖြင့် ခွင့်ပြုဆောင်ရွက်နိုင်သည်။ သန့်စင်ကြိုချက်ခြင်းလုပ်ငန်းကို ပြည်သူပိုင်စီးပွားရေးအဖွဲ့အစည်းကသာ လုပ်ဆောင်မည်။

** ရွှေကျင်ခြင်းနှင့်မသက်ဆိုင်စေရ။

| အမှတ်စဉ် | လုပ်ငန်းအမည် | သမဝါယမအသင်းများကလုပ်ကိုင်ခွင့်ရှိ/မရှိ |
|---|---|---|
| | (၂) ဘရန်ဒီ၊ ဝီစကီစသည်များ .... | မရှိ |
| | (၃) ရမ်အရက် (၂၅ ယူပီ) .... | မရှိ |
| | (၄) စစ်သုံးရမ် (အဲလ်ပီ) .... | မရှိ |
| | (၅) စမ်းသပ်ပြုပြင်ထားသောအရက်ပျံ (၉၅ %) — — | မရှိ |
| | (၆) ဆေးချက်အရက်ပျံ .... | မရှိ |
| | (၇) ပြန်လည်ပြုပြင်ထားသောအရက်ပျံ — | မရှိ |
| | (၈) မီးသိုင်းပါသောအရက်ပျံ — | မရှိ |
| | (၉) အရက်ပျံ (အဲလ်ပီ) .... | မရှိ |
| ၄ | စီးကရက်လုပ်ငန်း | မရှိ |
| | (ခ) ဝတ်ဆင်ရေးလုပ်ငန်း | |
| ၅ | ချည်ထည်ရက်လုပ်ငန်း (စက်ယက်ကန်းအကြီး)* | ရှိ |
| ၆ | ချည်မျှင်တုထည်ရက်လုပ်ငန်း — | မရှိ |
| | (ဂ) နေထိုင်ရေးလုပ်ငန်းများ | |
| ၇ | ဘိလပ်မြေ — — | မရှိ |
| ၈ | ကြွေထည်မြေထည်လုပ်ငန်းများ | |
| | (၁) မီးခံဘိလပ်မြေအမိုးအကာပစ္စည်းများ — | ရှိ |

* အလိုအလျောက် ကိရိယာများတပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားသုံး စက်ယက်ကန်း (Automatic Loom)။

| အမှတ်စဉ် | လုပ်ငန်းအမည် | | | သမဝါယမအသင်းများကလုပ်ကိုင်ခွင့်ရှိ/မရှိ |
|---|---|---|---|---|
| ၁၉ | ခဲပြာ | .... | .... | မရှိ |
| ၂၀ | ခဲချော်ချေး | .... | .... | မရှိ |
| ၂၁ | ကြေးနီ | .... | .... | မရှိ |
| ၂၂ | နီကယ် | .... | .... | မရှိ |
| ၂၃ | သံ | .... | .... | မရှိ |
| ၂၄ | ယူရေနီယံ | .... | .... | မရှိ |
| ၂၅ | အခြားသတ္တုများ | .... | .... | မရှိ |
| | **စက်မှုလက်မှုကဏ္ဍ** | | | |
| | (က) **စားသောက်ရေးဆိုင်ရာလုပ်ငန်း** | | | |
| ၁ | **ဖွဲ့နုဆီကြိတ်လုပ်ငန်း** | | | |
| | (၁) စားဖွဲ့နုဆီ | .... | .... | ရှိ |
| | (၂) စက်မှုဆီ | .... | .... | ရှိ |
| | (၃) ဖွဲ့နုဖတ် | .... | .... | ရှိ |
| | (၄) ဖယောင်းနှင့်အကျန် | | .... | ရှိ |
| ၂ | **အချိုမှုန့်** | .... | .... | မရှိ |
| ၃ | **အရက်ချက်လုပ်ငန်း** | | | |
| | (၁) ဘီယာ | .... | .... | မရှိ |

• ပိသာစားထုတ်လုပ်မှုကို သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ချက်ဖြင့် ခွင့်ပြုဆောင်ရွက်နိုင်သည်။ သန့်စင်ကြိုချက်ခြင်းလုပ်ငန်းကို ပြည်သူပိုင်စီးပွားရေးအဖွဲ့အစည်းကသာ လုပ်ဆောင်မည်။

| အမှတ်စဉ် | လုပ်ငန်းအမည် | သမဝါယမအသင်းများကလုပ်ကိုင်ခွင့် ရှိ/မရှိ |
|---|---|---|
| | (ဿ) လူသုံးပစ္စည်းလုပ်ငန်းများ | |
| ၉ | ဆပ်ပြာလုပ်ငန်း | |
| | (၁) ကာဘော်လစ် .... .... | မရှိ |
| | (၂) ဆန်းလိုက် .... .... | မရှိ |
| ၁၀ | ဓာတ်ဆပ်ပြာလုပ်ငန်း .... .... | မရှိ |
| ၁၁ | မီးခြစ်လုပ်ငန်း (သစ်သား) .... .... | မရှိ |
| ၁၂ | ဆေးပစ္စည်းလုပ်ငန်းများ | |
| | (၁) မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း .... | မရှိ |
| | (င) ကုန်ကြမ်းပစ္စည်းလုပ်ငန်းများ | |
| ၁၃ | ဝါဖန်လုပ်ငန်းများ | |
| | (၁) ချည်မျှင်ရှည်ဝါ .... .... | ရှိ |
| ၁၄ | ဂုံနီရက်လုပ်ငန်း | |
| | (၁) ဂုံနီအိတ် .... .... | မရှိ |
| | (၂) ဂုံနီဖျင်များ .... .... | မရှိ |
| ၁၅ | စက်မှုလက်မှုနှင့် စပ်ဆိုင်သော ဓာတုဗေဒပစ္စည်းထုတ်လုပ်ငန်း | |
| | (၁) ငရဲမီးအမျိုးမျိုး .... .... | မရှိ |
| | (၂) အောက်စီဂျင် .... .... | မရှိ |
| | (၃) အက်စီတလင်း .... .... | မရှိ |
| | (၄) နိုက်ထရိုဂျင် .... .... | မရှိ |

| အမှတ်စဉ် | လုပ်ငန်းအမည် | သမဝါယမအသင်းများကလုပ်ကိုင်ခွင့် ရှိ/မရှိ |
|---|---|---|
| | (၅) နိုက်ထရစ်အောက်ဆိုက် .... .... | မရှိ |
| | (၆) ဆိုက်ကရိုပရိုပိန်း .... .... | မရှိ |
| | (၇) အဲလ်ကရိုက်ရေစင် .... .... | မရှိ |
| | (၈) ကာဘွန်ဒိုင်အောက်ဆိုက် .... | မရှိ |
| | (၉) အလှဆီချော (ဘီပီ) — | မရှိ |
| | (၁၀) ခဲဝါမှုန့်၊ ခဲနီမှုန့် .... .... | မရှိ |
| | (၁၁) ဖွဲ့နုဆီခဲ .... .... | မရှိ |
| ၁၆ | ဓာတ်မြေဩဇာလုပ်ငန်း .... .... | မရှိ |
| | **(စ) ဓာတ်သတ္တုပစ္စည်းပြုပြင်ထုတ်လုပ်ငန်း** | |
| ၁၇ | ရေနံရှာဖွေရေး၊ တူးဖော်ရေး၊ ထုတ်လုပ်ရေးနှင့် ရေနံချက်လုပ်ငန်း .... — | မရှိ |
| ၁၈ | သံထည်လုပ်ငန်းများ — .... | မရှိ |
| ၁၉ | **စက်မှုနှင့်သတ္တုပစ္စည်းလုပ်ငန်း** | |
| | (၁) စကားပြောကြေးနန်း အရန်ပစ္စည်းများ | မရှိ |
| | (၂) လေ့ာဂျ်ပလပ် .... — | မရှိ |
| | (၃) မှတ်ဆိတ်ရိတ်ဓား — — | မရှိ |
| | (၄) ပေါက်ပြား .... — | မရှိ |
| | **(ဆ) စက်မှုလက်မှုသုံးကိရိယာထုတ်လုပ်ငန်း** | |
| ၂၀ | **စက်မှုလက်မှုသုံးစက်နှင့် ကိရိယာပစ္စည်း** | |
| | (၁) လျှပ်စစ်နှင့်ဆိုင်သောစက်နှင့်**စက်ပစ္စည်း**များ .... — | မရှိ |

| အမှတ်စဉ် | လုပ်ငန်းအမည် | သမဝါယမအသင်းများက လုပ်ကိုင်ခွင့် ရှိ/မရှိ |
|---|---|---|
| | (၂) စက်မှု လက်မှုလုပ်ငန်းနှင့် ဆိုင်သော စက်နှင့် စက်ပစ္စည်းများ — | မရှိ |
| | (၃) ဒီဇယ်လမ်းကြိတ်စက် — | မရှိ |
| | (၄) ကုန် မ ချီစက် .... .... | မရှိ |
| | (၅) လယ်ထွန်စက်နောက်တွဲယာဉ် .... | မရှိ |
| | (ဇ) သယ်ယူ ပို့ဆောင်ရေး ယာဉ်များ ထုတ်လုပ်မှု လုပ်ငန်း | |
| ၂၁ | မော်တော်ယာဉ်အမျိုးမျိုး — | မရှိ |
| ၂၂ | အခြားယာဉ်ပစ္စည်းထုတ်လုပ်ငန်း | |
| | (၁) စက်ဘီးများ .... .... | မရှိ |
| | **ဓာတ်အားကဏ္ဍ** | |
| ၁ | ရေအားလုပ်ငန်းကြီးများ .... — | မရှိ |
| ၂ | ရေအားလုပ်ငန်းငယ်များ● .... .... | မရှိ |
| ၃ | စက်အားလုပ်ငန်းကြီးများ .... .... | မရှိ |
| ၄ | စက်အားလုပ်ငန်းငယ်များ● .... .... | မရှိ |

● အိမ်၊ ကျောင်းနှင့်လုပ်ငန်းများဘွင် ကိုယ်ပိုင်သုံးစက်အတွက် ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပြုသည်။

## မှုဂ္ဂလိကလုပ်ငန်းရှင်များက မှတ်ပုံတင်ပြီးမှ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းများ

| အမှတ်စဉ် | | | | လုပ်ငန်းအမည် |
|---|---|---|---|---|
| | | | | **အပိုင်း ၁** |
| | | | | **မြေနှင့် မြေထွက်ပစ္စည်းကဏ္ဍ** |
| ၁ | | | | မီးခံရွှံ့စေး |
| ၂ | | | | မီးခံရွှံ့စေးမှုန့် |
| ၃ | | | | မီးခံမြေစေး |
| ၄ | | | | ရွှံ့စေးဖြူ |
| ၅ | | | | ဂရက်ဖိုက် |
| ၆ | | | | မြေဖသောင်း |
| ၇ | | | | ကြွေကျောက် |
| ၈ | | | | ဖလိုရိုက် |
| ၉ | | | | ဒိုလိုမိုက် |
| ၁၀ | | | | သလင်းကျောက် |
| ၁၁ | | | | ဖန်ချက်သဲ |
| | | | | **အပိုင်း ၂** |
| | | | | **စက်မှုလက်မှုကဏ္ဍ** |
| ၁ | | | | စားသောက်ရေးဆိုင်ရာလုပ်ငန်း |
| | ၁ | | | ဆန်ကြိတ်ခွဲလုပ်ငန်း |
| | | ၁ | | ဆန် |
| | | ၂ | | ဆန်ကွဲ |
| | | ၃ | | ဖွဲနုအမျိုးမျိုး |
| | ၂ | | | ဂျုံကြိတ်ခွဲလုပ်ငန်း |
| | | ၁ | | ဂျုံနှံ |
| | | ၂ | | ဂျုံကြမ်း |

| အမှတ်စဉ် | | လုပ်ငန်းအမည် |
|---|---|---|
| | ၃ | ဂျုံဖွဲ့ |
| ၃ | | **ပဲခွဲလုပ်ငန်း** |
| | ၁ | ကုလားပဲခြမ်းနှင့်ဖွဲ့ |
| | ၂ | ပဲစင်းငုံခြမ်းနှင့်ဖွဲ့ |
| ၄ | | **စားသုံးဆီထုတ်လုပ်ငန်း** |
| | ၁ | မြေပဲဆီ |
| | ၂ | နှမ်းဆီ |
| | ၃ | ဝါစေ့ဆီ |
| | ၄ | မြေပဲဖတ် |
| | ၅ | နှမ်းဖတ် |
| | ၆ | ဝါစေ့ဖတ် |
| | ၇ | အခြားစားသုံးဆီ |
| ၅ | | **သကြားနှင့် သကာရည်လုပ်ငန်း** |
| | ၁ | သကြား * |
| | ၂ | သကာရည် * |
| ၆ | | **စည်သွတ်လုပ်ငန်း** |
| | ၁ | အသားဗူး အမျိုးမျိုး |
| | ၂ | ဟင်းသီးဟင်းရွက်ဗူး |
| | ၃ | သစ်သီးဗူး |

**မှတ်ချက်။** ။မိမိစားသုံးရန်ကြိတ်ဆုံနှင့် ကြိတ်သောဆီမပါဝင်ပါ။

* သက်ဆိုင်ရာ သကြားစက်များ တည်ရှိရာဒေသနှင့် ကြံစိမ်းကိန်းဝင်ဒေသများနှင့်မသက်ဆိုင်ပဲ အခြားကြံထွက်ရာဒေသများတွင် အိမ်တွင်း စက်မှုလုပ်ငန်း အဖြစ် ပုဂ္ဂလိက အနေဖြင့် မှတ်ပုံတင်၍ လုပ်ဆောင်နိုင်ရန်ဖြစ်ပါသည်။

| အမှတ်စဉ် | | | | လုပ်ငန်းအမည် |
|---|---|---|---|---|
| | ၇ | | | **အချိုယမကာလုပ်ငန်း** |
| | | ၁ | | ဘိလပ်ရည် |
| | ၈ | | | **အရက်ချက်လုပ်ငန်း** * |
| | | ၁ | | အရက်ဖြူ |
| | ၉ | | | ရေခဲလုပ်ငန်း |
| ၂ | | | | **ဝတ်ဆင်ရေးလုပ်ငန်းများ** |
| | ၁၀ | | | ချည်ထည်ရက်လုပ်ငန်း (စက်ယက်ကန်းငယ်) ** |
| | ၁၁ | | | ဇွပ်ကျယ်ရက်လုပ်ငန်း *** |
| | ၁၂ | | | **ထီးလုပ်ငန်း** |
| | | ၁ | | ဖဲထီးလုပ်ငန်း |
| ၃ | | | | **နေထိုင်ရေးလုပ်ငန်းများ** |
| | ၁၃ | | | **အုတ်နှင့် အုတ်ကြွပ်လုပ်ငန်းများ** |
| | | ၁ | | မီးခံအုတ်အမျိုးမျိုး |
| | | ၂ | | ခေါင်းပွအုတ် |
| | | ၃ | | ကျောက်ပြားအခင်း |
| | ၁၄ | | | **ကြွေထည် မြေထည်လုပ်ငန်းများ** |
| | | ၁ | | လျှပ်စစ်ကြေးနန်း ကြွေသီးများနှင့်အခြား |
| | | ၂ | | ဘိလပ်မြေ အမိုးအကာပစ္စည်းများ |
| | | ၃ | | ကွန်ကရစ်ပိုက်နှင့်ပစ္စည်းများ |
| | | ၄ | | ကြွေထည်လုပ်ငန်းအမျိုးမျိုး |
| | ၁၅ | | | **သစ်ခွဲလုပ်ငန်း** |

* ရောင်းချရန်မဟုတ်ပဲ ရိုးရာဓလေ့ ထုံးတမ်းအရ အနည်းငယ် ချက်လုပ်ခြင်းနှင့် မသက်ဆိုင်စေရ။

** လျှပ်စစ်ဓာတ်အားသုံးသာမန်စက်ယက်ကန်း (**Power Loom**)။

*** ၁/၄၀ ချည်ချောကို ပြည်သူပိုင်အာနီးမှ ပြုလုပ်ရန်နှင့် ၁/၂၀၊ ၁/၃၀ ချည်ကြမ်းကို ပုဂ္ဂလိက (မှတ်ပုံတင်) ခွင့်ပြုရန်။

| အမှတ်စဉ် | | | လုပ်ငန်းအမည် |
|---|---|---|---|
| ၄ | | | **လူသုံးပစ္စည်းလုပ်ငန်းများ** |
| | ၁၆ | | **ဆပ်ပြာလုပ်ငန်း** |
| | | ၁ | ဆပ်ပြာမွှေး |
| | | ၂ | ဆပ်ပြာမှုန့် |
| | ၁၇ | | ဖယောင်းတိုင်လုပ်ငန်း |
| | ၁၈ | | ပလပ်စတစ်လုပ်ငန်း |
| | ၁၉ | | ဓာတုဗေဒအထွေထွေပစ္စည်းအမျိုးမျိုး |
| ၅ | | | **အိမ်သုံးပစ္စည်းလုပ်ငန်းများ** |
| | ၂၀ | | **ဓာတုဗေဒအထွေထွေပစ္စည်းအမျိုးမျိုး** |
| | | ၁ | မင်အမျိုးမျိုး |
| | | ၂ | သုတ်ဆေး၊ သဘော်ဆေး |
| | ၂၁ | | ဖန်နှင့်ဖန်ပစ္စည်းထုတ်လုပ်ငန်း |
| ၆ | | | **စာပေအနုပညာဆိုင်ရာလုပ်ငန်း** |
| | ၂၂ | | ပုံနှိပ်တိုက်လုပ်ငန်း |
| ၇ | | | **ကုန်ကြမ်းပစ္စည်းလုပ်ငန်းများ** |
| | ၂၃ | | **ချည်မျှင်လုပ်ငန်း** |
| | | ၁ | ချည်ခင် |
| | | ၂ | ပိုးခင် |
| | | ၃ | အပ်ချည်လုံး |
| | ၂၄ | | **ဂုံနီရက်လုပ်ငန်း** |
| | | ၁ | ဂုံနီချည်မျှင် အလေအလွင့်နှင့် ထုတ်လုပ်သည့် ပစ္စည်းများ |
| | | ၂ | ဂုံနီဖျင်အလေအလွင့်နှင့် ထုတ်လုပ်သည့်ပစ္စည်းများ |
| | ၂၅ | | သားရေနယ်လုပ်ငန်း |
| | ၂၆ | | စက္ကူနှင့် စက္ကူကပ်လုပ်ငန်း |
| | ၂၇ | | ရာဘာနှင့်ပြုလုပ်သောပစ္စည်းများ |
| | ၂၈ | | ဗားကျီးနီးယားဆေး ပေါင်းတင်လုပ်ငန်း |

| အမှတ်စဉ် | | | | လုပ်ငန်းအမည် |
|---|---|---|---|---|
| | ၂၉ | | | **စက်မှု လက်မှုနှင့် စပ်ဆိုင်သော ဓာတုဗေဒ ပစ္စည်းထုတ်လုပ်ငန်း** |
| | | ၁ | | ရေစစ်နိတ် (ထင်းရှူးဆီ) |
| | | ၂ | | ကြက်ဆူဆီ |
| | | ၃ | | တာပင်တိုင် (ထင်းရှူးဆီ) |
| | | ၄ | | အလှဆီကြမ်း |
| ၈ | | | | **ဓာတ်သတ္တုပစ္စည်း ပြုပြင်ထုတ်လုပ်ငန်း** |
| | ၃၀ | | | ဒန်အိုးဒန်ပြားလုပ်ငန်း |
| | ၃၁ | | | အခြားပုံးခွက်များလုပ်ငန်း |
| | ၃၂ | | | **စက်မှုနှင့် သတ္တုပစ္စည်းလုပ်ငန်း** |
| | | | ၁ | ရေနံဆီမီးဖိုအမျိုးမျိုး |
| | | | ၂ | ရေနံဆီမီးဖို အရန်ပစ္စည်းများ |
| | | | ၃ | သံဘီဒို၊ သံမဏိရွှံးသုံးဘီဒိုအမျိုးမျိုး |
| | | | ၄ | လက်တွန်းလှည်းများ |
| | | | ၅ | ဆန်စက်အရန်ပစ္စည်းများ |
| | | | ၆ | သစ်ထုတ်လုပ်ရေးအရန်ပစ္စည်းများ |
| | | | ၇ | ဘရိတ်တုံးများ |
| | | | ၈ | ဆန်စက်ရာဘာဘရိတ်တုံးများ |
| | | | ၉ | ဆန်စက်ရာဘာဘော |
| | | | ၁၀ | စက်အရန်ပစ္စည်းများ |
| | | | ၁၁ | သံဆန်ကာအမျိုးမျိုး |
| | | | ၁၂ | မူလီတိုင်၊ မူလီချောင်းအမျိုးမျိုး |
| | | | ၁၃ | လွှသွား |
| | | | ၁၄ | ဇွန်း ခရင်းနှင့်ဓားများ |
| | | | ၁၅ | ဆန်ကာအမျိုးမျိုး |
| | | | ၁၆ | ကြေးရည်သုတ်ပစ္စည်းအမျိုးမျိုး |
| | | | ၁၇ | ဓာတ်မီးတိုင်ထိန်း ကိရိယာ (ကြီး + သေး) နှင့် အခြား ဓာတ်မီးကိရိယာများ။ |

| အမှတ်စဉ် | | | | လုပ်ငန်းအမည် |
|---|---|---|---|---|
| | | | ၁၈ | ရေဆွဲအိမ်သာ |
| | | | ၁၉ | ရေနှင့် သန့်ရှင်းမှုကိရိယာ |
| | | | ၂၀ | မော်တော်ယာဉ် ဆလင်ဒါလိုင်နာ (အချောမျိုးစုံ) |
| | | | ၂၁ | မီးသတ်ဆေးဗူး |
| | | | ၂၂ | သံပြားရောင်စုံပုံနှိပ် |
| | | | ၂၃ | အသေးစားအထွေထွေသံရည်ကြိုပစ္စည်းများ |
| ၉ | | | | **စိုက်ပျိုးရေးကိရိယာထုတ်လုပ်ငန်း** |
| | ၃၃ | | | စက်မှုလယ်ယာသုံးပစ္စည်းများ |
| ၁၀ | | | | **စက်မှုလက်မှုသုံး ကိရိယာထုတ်လုပ်ငန်း** |
| | ၃၄ | | | **စက်မှုလက်မှုသုံး စက်နှင့် ကိရိယာပစ္စည်း၊** |
| | | ၁ | | ဘက်ထရီထုတ်လုပ်ခြင်း |
| ၁၁ | | | | **သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်မှုလုပ်ငန်း** |
| | ၃၅ | | | စက်တပ်ရေယာဉ်တည်ဆောက်မှုလုပ်ငန်း |
| ၁၂ | | | | **လျှပ်စစ်ပစ္စည်းထုတ်လုပ်ငန်း** |
| | | | ၁ | အိမ်သုံးလျှပ်စစ်ပစ္စည်းများ |
| ၁၃ | | | | **အထွေထွေစက်မှုအလုပ်ရုံများ** |
| | ၃၆ | | | **မွမ်းမံပြင်ဆင်ခြင်း** |
| | | ၁ | | ဖြက်စက်၊ ဖောက်စက်၊ တွင်ခုံ၊ သံရွှေဘော်စက် ထုတ်လုပ်ခြင်း |
| | ၃၇ | | | **အခြား စက်မှု၊ လက်မှုလုပ်ငန်းများ** |
| | | ၁ | | ဖောင်တိန်လုပ်ငန်း |
| | | ၂ | | အော့ပ်ဆက်ပုံနှိပ်တိုက် |
| | | ၃ | | နီယွန်မီးချောင်းနှင့် ဆိုင်းဘုတ် |
| | | ၄ | | မီးပန်း |